# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။

(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အောက်ဖော်ပြပါ ဥပဒေကိုထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်။ ။(၁) ဤဥပဒေကို ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ နောက်ထပ်မပြင်ဆင်ဖျက်သိမ်းခြင်းမပြုမီကာလအတွင်း အကျိုးသက်ရောက်ရမည်။

၂။ ။အမြတ်ခွန် စည်းကြပ်သည့် နှုန်းများ။ ။(၁) ဤဥပဒေ၏ ပဌမဇယားတွင်သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်း အမြတ်ခွန်စည်းကြပ်ရမည်။

(၂) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၅-က (၁) အလို့ငှါ အမြတ်ခွန်ထမ်းကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ ရသည့်ဝင်ငွေအတွက် လျှော့ရမည့်ငွေကိုယင်းဝင်ငွေ၏ ၅ ပုံ ၁ ပုံ ဟု သတ်မှတ်လိုက်သည်။ သို့သော် ယင်းသို့ လျှော့သော ငွေပေါင်းသည် ကျပ်ငွေ ၄,၀၀၀ ထက်မကျော်စေရ။

(၃) ပြည်ပနေ အမြတ်ခွန်ထမ်းများ၏ စုစုပေါင်းဝင်ငွေတွင် မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှမြတ်စွန်းသည့် ငွေပါဝင်လျှင် ထိုစုစုပေါင်းဝင်ငွေပေါ်တွင် ကျသင့်မည့်အမြတ်ခွန်ကို ယင်းအက်ဥပဒေပုဒ်မ ၁၇-အပါ ပြဋ္ဌာန်းချက်များနှင့်အညီတွက်ချက်စည်းကြပ်ရမည်။

(၄) ဤဥပဒေအလို့ငှါ ''စုစုပေါင်းဝင်ငွေ'' နှင့် ''ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ဝင်ငွေ'' ဆိုသည့်စကားရပ်တို့မှာ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၃။ ။စာပို့ခနှုန်းများသတ်မှတ်ခြင်း။ ။ဤဥပဒေ၏ ဒုတိယ ဇယားကို မြန်မာနိုင်ငံစာပို့တိုက် အက်ဥပဒေဖွင့်၊ ထိုအက်ဥပဒေ၏ ပဌမဇယားအဖြစ်ထည့်သွင်းရမည်။

## ပဉ္စမဇယား။

## အမြတ်ခွန် နှုန်းများ ဇယား။

### [ ပုဒ်မ ၂ (၁) ကိုကြည့်။ ]

### ပြည်တွင်းနေအမြတ်ခွန်ထမ်းများအပေါ်စည်းကြပ်ရန်နှစ်စဉ်အမြတ်ခွန်နှုန်းများ။

(က) အခြေပစ္စည်းမှမြတ်စွန်းသည့်ငွေမှတပါး စုစုပေါင်းဝင်ငွေမှ ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုလျှော့ပြီး ကျန်သည့်ငွေအပေါ်တွင်——

| ကျပ် | | ကျပ် | | | |
|---|---|---|---|---|---|
| ၁ | မှ | ၁,၅၀၀ | ထိ | မရှိ။ | |
| ၁,၅၀၁ | မှ | ၅,၀၀၀ | ထိ | ၇ | ရာခိုင်နှုန်း။ |
| ၅,၀၀၁ | မှ | ၁၀,၀၀၀ | ထိ | ၁၅ | ရာခိုင်နှုန်း။ |
| ၁၀,၀၀၁ | မှ | ၁၅,၀၀၀ | ထိ | ၂၅ | ရာခိုင်နှုန်း။ |
| ၁၅,၀၀၁ | မှ | ၂၀,၀၀၀ | ထိ | ၃၅ | ရာခိုင်နှုန်း။ |
| ၂၀,၀၀၁ | မှ | ၃၀,၀၀၀ | ထိ | ၅၅ | ရာခိုင်နှုန်း။ |
| ၃၀,၀၀၁ | မှ | ၄၀,၀၀၀ | ထိ | ၆၅ | ရာခိုင်နှုန်း။ |
| ၄၀,၀၀၁ | မှ | ၅၀,၀၀၀ | ထိ | ၇၅ | ရာခိုင်နှုန်း။ |
| ၅၀,၀၀၁ | မှ | ၆၀,၀၀၀ | ထိ | ၈၅ | ရာခိုင်နှုန်း။ |
| ၆၀,၀၀၁ | မှ | ၁,၀၀,၀၀၀ | ထိ | ၉၅ | ရာခိုင်နှုန်း။ |
| ၁,၀၀,၀၀၁ | မှ | ၃,၀၀,၀၀၀ | ထိ | ၉၀ | ရာခိုင်နှုန်း။ |
| ၃,၀၀,၀၀၁ | နှင့်အထက် | | .... | ၉၉ | ရာခိုင်နှုန်း။ |

သို့ရာတွင်——

(၁) ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျှော့မီ၊ စုစုပေါင်း ဝင်ငွေသည် ကျပ်ငွေ ၄,၂၀၀ ထက်မပိုလျှင် အမြတ်ခွန်မပေးဆောင်ရ။

(၂) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျှော့မီ၊ ဝင်ငွေသည် ကျပ်ငွေ ၄,၆၄၀ ထက် မကျော်ပါက၊ ပေးဆောင်ရမည့် အမြတ်ခွန်မှာ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေဖြစ်စေရမည်။

(ကက) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေကိုလျှော့ပြီး ကျန်သည့်ဝင်ငွေအပေါ်တွင် ဤဇယား၌ ဖေါ်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့်အမြတ်ခွန်ငွေ၊ သို့မဟုတ်

(ခခ) ယင်းသို့မလျှော့ရသေးသည့်ဝင်ငွေမှ ကျပ်ငွေ ၄,၂၀၀ ကို နုတ်၍ ကျန်ရှိသောငွေ၏ထက်ဝက်ကိုတည်၍၊ လျှော့ပြီး ကျန်ဝင်ငွေနှင့် မလျှော့ရသေးသည့် ဝင်ငွေတို့၏ အချိုးအစားနှင့် မြှောက်၍ရသည့်ငွေ။

(ခ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့်ငွေအပေါ်တွင်—

| | | | | |
|---|---|---|---|---|
| ကျပ် | | ကျပ် | | |
| ၁ | မှ | ၅,၀၀၀ | ထိ | မရှိ။ |
| ၅,၀၀၁ | မှ | ၂၅,၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း။ |
| ၂၅,၀၀၁ | မှ | ၁,၀၀,၀၀၀ | ထိ | ၃၀ ရာခိုင်နှုန်း။ |
| ၁,၀၀,၀၀၁ | နှင့်အထက် | | .... | ၄၀ ရာခိုင်နှုန်း။ |

(ဂ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ၊ အာမခံစာချုပ်များအပေါ်မှရရှိသည့်အတိုးငွေမှ နုတ်ယူရန်အတွက် ၃၅ ရာခိုင်နှုန်း။

## ဒုတိယဇယား။

## မြန်မာနိုင်ငံစာပို့တိုက် အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား

[ပုဒ်မ ၃ ကိုကြည့်။]

### ချောစာများ။

| | | ပြား |
|---|---|---|
| ပဋ္ဌမ ၃ အောင်စထက်မပိုလျှင် | .... .... | ၁၅ |
| နောက်ထပ် ၃ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၇ |

### စာပို့ကဒ်များ။

| | | |
|---|---|---|
| တစောင် | .... .... .... | ၀၅ |
| မြန်စာအတွက်ပါ | .... .... .... | ၁၀ |

### စာအုပ်၊ ပုံစံနှင့် နမူနာအထုပ်များ။

| | | |
|---|---|---|
| ပဋ္ဌမ ၂ အောင်စထက်မပိုလျှင် | .... .... | ၀၅ |
| နောက်ထပ် ၁ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၃ |

### မှတ်ပုံတင်ပြီးသတင်းစာများ။

| | | |
|---|---|---|
| ပဋ္ဌမ ၄ အောင်စထက်မပိုလျှင် | .... .... | ၀၂ |
| ၄ အောင်စထက်ပို၍ ၈ အောင်စထက်မပိုလျှင် | .... .... | ၀၃ |
| နောက်ထပ် ၈ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၃ |

အထုပ်တခုတည်းတွင် ပါရှိသည့် တနေ့တည်းမှတ်ပုံတင်ပြီး သတင်းစာ တစောင်ထက်ပိုလျှင်— ပြား

| | | | |
|---|---|---|---|
| ပဉ္စမ ၄ အောင်စထက်မပိုလျှင် | .... | .... | ၀၃ |
| နောက်ထပ် ၂ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | | | ၀၁ |

(ယင်းအထုပ်များကို စာတိုက်မြို့တင်းပေါက်မှသာ ပေးဝေရပါမည်။)

<u>ပါဆယ်ထုပ်များ။</u>

| | | |
|---|---|---|
| ၁ ပေါင်တိုင်း၊ သို့မဟုတ်၎င်း၏အစိတ်အပိုင်း | .... | ၅၀ |

## နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေပို့လွှာများအတွက် နောက်ထပ်လေကြောင်းစာပို့ခများ။

| | | | | |
|---|---|---|---|---|
| စာပို့ကဒ်တစောင် | .... | .... | .... | ၀၅ |
| ချောစာအတွက် ½ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | | | .... | ၀၅ |
| ငွေပို့လွှာတစောင် | .... | .... | .... | ၉၅ |

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။